WE ARE YOUR SCHOOLS

# FORT WAYNE COMMUNITY SCHOOLS

March 9, 2020

လေးစားရပါသောမိဘများ၊ အုပ်ထိမ်းသူများ၊

Coronavirus, နာမည်ဖြင့်လည်း လူသိများနေသော COVID-19 ၏သတင်းသည် လွှမ်းမိုးပျံ့နှံ့နေသည့်အတွက် ဖို့ဝိန်းကွန်မြူနစ်တီ ကျောင်းများသည် ပြင်ဆင်ခြင်းကို ပြုလုပ်နိုင်ရန် ကူးစက်ရောဂါပျံ့နှံ့နေခြင်းတွင် သင်မည်ကဲ့သို့ ကာကွယ်ပြင်ဆင်မှုပြုလုပ်နိုင်သည်ကို သင့်အား ကျနော်တို့အသိပေးလိုပါသည်၊

ဖို့ဝိန်းကွန်မြူနစ်တီ ကျောင်းများသည် Fort Wayne-Allen County ကျန်းမာရေးဌါနနှင့် နီးကပ်စွာ လက်တွဲ လုပ်ကိုင်နေပြီး ကျနော်တို့၏ မြို့နယ်အတွင်းရှိ ကျန်းမာရေးကျွမ်းကျင်သော သူများ၏ နည်းပေးလမ်းညွှန်မှုကို လိုက်နာပါလိမ့်မည်၊ COVID-19 အခြေအနေ ပြောင်းလဲနေသည်နှင့်အမျှ ကျနော်တို့နေစဉ် ဆက်သွယ်မှုပြုလုပ်နေပါသည်၊

COVID-19 ပြန့်ပွားမှုကို ကာကွယ်ရန် အကောင်းဆုံးနည်းလမ်းများသည် အအေးမိခြင်းနှင့် တုပ်ကွေးရောဂါကာကွယ်ခြင်းတို့နှင့် ပုံစံတူဖြစ်ကြောင်းကျနော်တို့၏ ကျန်းမာရေးကျွမ်းကျင်သူများက( အောက်ပါနည်းလမ်းများဖြင့်) သတိပေးထားပါသည်၊

•လက်များကို ဆပ်ပြာရေနှင့် အနဲဆုံး စက္ကန့် ၂၀ ခန့် မကြာခန ဆေးကြောကြပါ၊ ( hand sanitizer ) ဟုခေါ်ဆိုသော အရက်နှင့် အခြေပြု ဖော်စပ်ထားသော လက်သန့်ရှင်းဆေးသည် လည်း ထိရောက်မှုရှိပါသည်၊)

•သင်နှာချေလျှင်(သို့မဟုတ်) ချောင်းဆိုးသောအခါတွင် ပါးစပ်ကို ဖုံးအုပ်ထားပါ၊

• သင်တို့၏ မျက်လုံးများ၊ နှာခေါင်းနှင့် ပါးစပ်တို့ကို မထိပါနှင့်၊

• မကြာခန ပုံမှန်ကိုင်တွယ်သုံးဆောင်နေသော ပစ္စည်းများနှင့် နေရာတို့ကို ပိုးသတ်ဆေး၊ (သို့မဟုတ်) အိမ်သုံးပိုးသတ်ဆေး စပရေးတို့ဖြင့် ပက်ဖြန်းခြင်း၊ သုတ်ခြင်းတို့ပြုလုပ်ပါ၊

• ဖျားနာနေသောသူများနှင့် ထိတွေ့ဆက်ဆံခြင်းတို့ကို ရှောင်ပါ၊

•သင်၏ကလေးသည် နေမကောင်းဖြစ်ပါက အိမ်တွင်သာထားပါ၊

ပြည်ပသို့ခရီးထွက်ရန် စဉ်းစားနေကြသော မိသားစုများအနေဖြင့် ဤအခြေအနေသည် လျှင်မြန်စွာ ပြောင်းလဲနေကြောင်း သတိပြုစေလိုပါသည်၊ COVID-19 ပျံ့နှံ့နေသော ဒေသနိုင်ငံများသို့ သွားရောက်သည့် အပြည်ပြည်ဆိုင်ရာ ခရီးသွားများသည် ပြည်ပသို့ရောက်နေစဉ်တွင် ခရီးစဉ်နောက်ကျပြောင်းလဲခြင်းနှင့် (သို့မဟုတ်) quarantine ထိမ်းသိမ်း၍ သီးသန့်ခွဲထားပေးခြင်းဖြစ်နိုင်ပါသည်၊ အကယ်၍ သင်သည် အန္တရယ်များသောနေရာသို့ ခရီးထွက်ခဲ့ပါက ကျောင်းသို့ပြန်၍ မတက်ခင်တွင် သင်တို့ကလေး၏ သူနာပြုဆရာမကို အရင်ဆက်သွယ်ပါ၊

COVID-19 ၏အခြေအနေ ပြောင်းလဲနေမှုကို ကျနော်တို့ဆက်လက်၍ စောင့်ကြည့်နေရာတွင် ဒေသန္တရ ၊ ပြည်နယ်၊ ဖယ်ဒရယ် အစိုးရတို့နှင့် ပူးပေါင်း၍ အစီအစဉ်ရေးဆွဲကြပါလိမ့်မည်၊ ကျနော်တို့သည် လိုအပ်သလို [FWCS.info/COVID19](FWCS.info/COVID19) အင်တာနက် စာမျက်နာ ပေါ်တွင် တိုက်ရိုက်ဆက်သွယ်မှုများ ကို ကျနော်တို့တင်ဆက် အသစ်ပြုလုပ်ပေးနေပါလိမ့်မည်၊ အကယ်၍ သင်တို့၏ထံတွင် မေးခွန်းများ(သို့မ ဟုတ်) စိုးရိမ်ပူပန်မှုများရှိနေပါက ကျနော်တို့၏ အင်တာနက်ဝက်ဆိုက် (www.fortwayneschools.org) ပေါ်တွင်လည်းကောင်း၊ COVID-19 ၏အခြေအနေ online ပေါ်ရှိ Let's Talk မှလည်းကောင်း၊အရေးပေါ်လိုင်း260-467-1907ထံသို့ ကျေးဇူးပြု၍ ခေါ်ပါ၊

လေးစားစွာဖြင့်

Dr. Wendy Y. Robinson

*Superintendent*

1200 South Clinton Street • Fort Wayne, IN 46802 • Phone: 260.467.2025 • Fax: 260.467.1975